**ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၊ ဗဟိုအမြဲတမ်းကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီတို့ဆီသို့ ပေးပို့သည့် ကမ္ဘာတစ်ဝှမ်းရှိ ကရင်လူ့အဖွဲ့အစည်းများ၏ အိတ်ဖွင့်ပေးစာ**

ရက်စွဲ - ၂၃ ရက်၊ ၂ လပိုင်း၊ ၂၀၂၃ ခုနှစ်

သို့

အထွေထွေအတွင်းရေးမှူးချုပ်

ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး

ဗဟိုဌာနချုပ်

**အကြောင်းအရာ။** **။နိုင်ငံရေးဦးဆောင်မှုအကြပ်အတည်းနှင့် ခေါင်းဆောင်မှုပြဿနာအောက်မှ ရုန်းထွက်နိုင်ရန်အတွက် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး ဗဟိုအလုပ်အမှုဆောင်ကော်မတီတစ်ဖွဲ့လုံးမှ တာဝန်ခံသည့်အနေဖြင့် နုတ်ထွက်ပေးရန် ကမ္ဘာတစ်ဝှမ်းရှိ ကရင် လူ့အဖွဲ့အစည်းများမှ တောင်းဆိုခြင်း**

ဤအိတ်ဖွင့်ပေးစာတွင် ပါဝင်ထောက်ခံလက်မှတ်ရေးထိုးသော ကျွန်ုပ်တို့ကရင်အသိုင်းအဝိုင်းတို့၏ တောင်းဆိုချက်များကို ကေအဲန်ယူဗဟိုအလုပ်အမှုဆောင်ကော်မတီအနေဖြင့် အလေးအနက်ဖတ်ရှုသုံးသပ်ပြီး လိုက်နာဆောင်ရွက်သွားမည်ဟု မျှော်လင့်ပါသည်။

လွန်ခဲ့သည့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မောထိုတလေးနယ်မြေတွင်ပြုလုပ်ခဲ့သည့် (တရုတ်မြို့သစ်/လောင်းကစားနယ်မြေဟု လူသိများသည့်) စီမံကိန်းဖွင့်ပွဲအခမ်းအနားတစ်ခုတွင် လက်ရှိကေအဲန်ယူဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တစ်ဦးဖြစ်ပြီး ကာကွယ်ရေးဌာန၏ဌာနမှူးတစ်ဦးလည်းဖြစ်သည့် ပဒိုစောရောဂျာခင်ကိုယ်တိုင်ပါဝင်တက်ရောက်ခဲ့သည့် သတင်းနှင့်ဓါတ်ပုံများအား သတင်းနှင့်လူမှုကွန်ရက်များပေါ်တွင် တွေ့ခဲ့ရသည်။ ထိုအချိန်က အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ကေအဲန်ယူမှအရေးယူဆောင်ရွက်ခြင်းနှင့် လူထုအားအသိပေးချပြခြင်း တစ်စုံတစ်ရာ မရှိခဲ့ပေ။

အလားတူပင် ယခုနှစ် ဇန်နဝါရီလ၊ ၁၇ ရက်နေ့တွင် ထိုင်းနိုင်ငံခြေစိုက် Thai BPS သတင်းဌာန၏ဖော်ပြချက်အရ ရွှေကုက္ကိုလ်မြို့သစ်စီမံကိန်းနှင့်နီးသည့် နောက်ထပ်စီမံကိန်းတစ်ခုဖြစ်သော ဟွမ်ယာမြို့သစ်စီမံကိန်း ( Huanya International City Project) ကို ပဒိုစောရောဂျာခင်မှ ခွင့်ပြုချက်ပေးခဲ့ကြောင်း သိရပြန်သည် (https:// www.youtube .com/watch?v=ufELtyBoHu0 တွင် ကြည့်ရှုပါ)။ သို့သော် အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ယခုအချိန်အထိ ကေအဲန်ယူတာဝန်ရှိခေါင်းဆောင်များမှ အရေးယူဆောင်ရွက်ခြင်းတစ်စုံတစ်ရာမရှိသည်ကိုလည်း ထပ်မံတွေ့ရသည်။

ကေအဲန်ယူဗဟိုအလုပ်အမှုဆောင်ကော်မတီတွင်ပါဝင်သည့် ခေါင်းဆောင်များ၏ နားလည်မှုနှင့် အခွင့်အာဏာပေးထားခြင်းမရှိပါက ပဒိုစောရောဂျာခင်အနေဖြင့် မိမိဆန္ဒအရ ခွင့်ပြုချက်များပေးနိုင်မည်မဟုတ်ပေ။ ယခုကဲ့သို့ အရေး

ယူဆောင်ရွက်ခြင်းတစ်စုံတစ်ရာမရှိခြင်းသည် ဗဒိုစောရောဂျာခင်အား ကေအဲန်ယူဗဟိုအလုပ်အမှုဆောင်ကော်မတီရှိ ထိပ်ပိုင်းခေါင်းဆောင်အချို့က နောက်ကွယ်မှနေပြီး အခွင့်အာဏာနှင့်အကာအကွယ်ပေးနေကြောင်းကို ဖေါ်ပြနေသလို ဤမြေအောက်စီးပွားရေးစီမံကိန်းတွင် ကေအဲန်ယူဗဟိုအလုပ်အမှုဆောင်ကော်မတီအတွင်းရှိ ထိပ်ပိုင်းခေါင်းဆောင်အချို့ကလည်း ပါဝင်ပတ်သက်နေကြောင်းကို မြင်သာစေပါသည်။

ဤကဲ့သို့သော မြေအောက်စီးပွားရေးစီမံကိန်းသည် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၏ မူဝါဒ၊ နိုင်ငံရေးခံယူချက်၊ နှင့် စည်းမျဉ်းဥပဒေများကို ချိုးဖေါက်ဆန့်ကျင်နေကြောင်း ကေအဲန်ယူခေါင်းဆောင်နှင့် အဖွဲ့သားအားလုံးက သိရှိနားလည်ထားပြီး ဖြစ်သည်။ ထို့အပြင် ဤစီမံကိန်းတွင် နိုင်ငံတကာပြစ်မှုမြောက်သည့် အွန်လိုင်းလောင်းကစား၊ လူကုန်ကူးမှု၊ လိင်ဖျော်ဖြေရေးလုပ်ငန်းနှင့် မူးယစ်ဆေးဝါးလုပ်ငန်းများပါဝင်နေပြီး အရေးကြီးသောအချက်တစ်ခုမှာ ဒုစရိုက်လုပ်ငန်းတွင်ပါဝင်နေသည့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များမှ ငွေမည်းကိုငွေဖြူအဖြစ်ပြောင်းလဲနိုင်အောင် ဤတရုတ်မြို့သစ်စီမံကိန်းများတွင် ငွေကြေးရင်းနှီးမြုပ်နှံနေကြခြင်း ဖြစ်သည်။

ဤကဲ့သို့ တရားမဝင်လုပ်ငန်းများလုပ်ကိုင်နေသည့် အထက်ပါစီမံကိန်းများ၏အကြောင်း၊ ၎င်းနှင့် ဆက်နွယ်ပြီးဖြစ်ပွားသော လူ့အခွင့်အရေးချိုးဖေါက်မှုနှင့် မြေယာသိမ်းဆည်းမှုများအကြောင်းကို ပြည်တွင်းပြည်ပသတင်းမီဒီယာများစွာမှ ရေးသားဖေါ်ပြလာခဲ့သလို ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်ကလည်း သုတေသနအစီရင်ခံစာနှင့်တကွ ရေးသားဖေါ်ပြလာခဲ့ပြီး ဤကိစ္စနှင့်ပတ်သက်၍ ကဏ္ဍအဆင့်ဆင့်တွင် ပြောဆိုတင်ပြမှုများပြုလုပ်လာခဲ့သော်ငြားလည်း ဤစီမံကိန်းတွင်တိုက်ရိုက်ပါဝင်ပတ်သက်သည့်တာဝန်ရှိသူများမှ ထိရောက်သောအရေးယူဆောင်ရွက်မှုတစ်စုံတစ်ရာကို မပြုလုပ်ခဲ့ပေ။ ဤတရုတ်မြို့သစ်စီမံကိန်းများကို ရပ်ဆိုင်းခြင်းမရှိဘဲ လုပ်ငန်းများကိုပုံမှန်ဆက်လက်လုပ်ဆောင်ခဲ့ကြသည်။ ကျွန်ုပ်တို့နားလည်သည်မှာ ဤတရားမဝင်စီမံကိန်းကြီးများကို မြန်မာစစ်ဗိုလ်ချုပ်ကြီးများနှင့် ကေအဲန်ယူထိပ်ပိုင်းခေါင်းဆောင်များ၏ခွင့်ပြုချက်များမရရှိဘဲ ယခုအတိုင်းအတာအထိ လျှင်မြန်စွာအကောင်အထည်ဖေါ် နိုင်မည်မဟုတ်ပါ။

အကြောင်းတိုက်ဆိုင်စွာပင် ၂၀၂၃ ခုနှစ်၊ ထိုင်းနိုင်ငံအတွင်း ပြည်သူလူထု၏ ဖိအားပေးမှုနှင့်တောင်းဆိုမှုကြောင့် တရုတ်နိုင်ငံသားတို့၏တရားမဝင်စီးပွားရေးလုပ်ငန်းများကို စုံစမ်းစစ်ဆေးပြီး ပြစ်မှုကျူးလွန်သူများကို လိုက်လံဖမ်းဆီးခြင်းများ ပြုလုပ်လာခဲ့သည့်အတွက်ကြောင့် ကေအဲန်ယူထိပ်ပိုင်းခေါင်းဆောင်ပဒိုစောရောဂျာခင်၏ ပါဝင်ပတ်သက်မှုရှိသည့်အကြောင်းကို တရားဝင်သိရှိလာခဲ့ရပါသည်။ ထိုင်းနိုင်ငံနှင့်နိုင်ငံတကာ အမည်ဆိုးစာရင်းထဲတွင် ဖေါ်ပြခြင်းမခံရသေးသော အခြားကေအဲန်ယူထိပ်ပိုင်းခေါင်းဆောင်များလည်း ပါဝင်ကောင်းပါဝင်နိုင်ပါသည်။ ဤအကြောင်းအရာသည် ကရင်တစ်မျိုးသားလုံး၏ကိုယ်ပိုင်ပြဌာန်းခွင့်နှင့်တော်လှန်ရေးကို ကမ္ဘာက အသိအမှတ်ပြုပြီး ထောက်ခံမှုရရှိနိုင်ရန် အားထုတ်ကြိုးပမ်းနေရသည့်ယခုကဲ့သို့အချိန်ကောင်းတွင် ကေအဲန်ယူအဖွဲ့အစည်းတစ်ခုလုံး၏ နာမည်နှင့်ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေပါသည်။

အလားတူပင် ကေအဲန်ယူ၏မူဝါဒနှင့်ဆန့်ကျင်လုပ်ဆောင်နေသည့် အခြားကေအဲန်ယူခေါင်းဆောင်များစွာ ရှိပါသော်လည်း ထိုခေါင်းဆောင်များအား အရေးယူခြင်းတစ်စုံတစ်ရာမရှိခဲ့ပါ။ ဥပမာ၊ ရန်သူစစ်အာဏာရှင်ကပေးခဲ့သည့် ဂုဏ်ထူးဆောင်ချီးမြှင့်ဆုကိုလက်ခံခဲ့သည့် ကေအဲန်ယူဥက္ကဌ ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုး၊ နှင့် ကေအဲန်ယူဗဟို၏

ဆုံးဖြတ်ချက်နှင့်ညွှန်ကြားမှုကိုဆန့်ကျင်ပြီး စစ်ကောင်စီနှင့်ယခုအချိန်အထိ လက်တွဲအလုပ်လုပ်နေသည့် ဗဟိုအမြဲတမ်းကော်မတီဝင် ကေအဲန်ယူခေါင်းဆောင်အချို့၏အပြုအမူများသည် ကေအဲန်ယူဗဟိုအလုပ်အမှုဆောင်ကော်မတီနှင့် ဗဟိုအမြဲတမ်းကော်မတီနှစ်ရပ်လုံး၏ ကျဆင်းနေသောခေါင်းဆောင်မှုပြဿနာများအား ပြသနေခြင်းဖြစ်သည်။

အဖွဲ့အစည်းမူနှင့်ဆန့်ကျင်လုပ်ဆောင်နေသည့် (သို့မဟုတ်) နိုင်ငံတကာဥပဒေကိုချိုးဖေါက်နေသည့် ကေအဲန်ယူထိပ်ပိုင်းခေါင်းဆောင်များအား အရေးယူမှုမရှိသည့်အပြင် လာမည့် (၁၇) ကြိမ်မြောက် ကေအဲန်ယူရွေးကောက်ပွဲတွင် ၎င်းတို့အား ဝင်ရောက်အရွေးခံခွင့်ပေးထားသည်ကို တွေ့ရှိရပြန်သည်။ လက်ရှိနိုင်ငံရေးအခြေအနေကြောင့် ဤရွေးကောက်ပွဲကို အခြေအနေအချိန်အခါနှင့်သင့်တော်သည့်ပုံစံဖြင့်ပြုလုပ်နိုင်ရန် စီစဉ်ထားသည့်တိုင်အောင် နိုင်ငံတကာက အသိအမှတ်ပြုထားသည့် ဒီမိုကရေစီစနစ်ကျသောရွေးကောက်ပွဲတစ်ခု၏စံချိန်စံနှုန်းများနှင့် နှိုင်းယှဉ်ကြည့်ပါက ဤရွေးကောက်ပွဲသည် အရည်အသွေးလွန်စွာနိမ့်ကျသည့်အဆင့်တွင် ရှိနေပါသည်။ ထို့ကြောင့် ယခုပြုလုပ်မည့်ရွေးကောက်ပွဲသည် ကရင်လူမျိုးတို့၏ တော်လှန်ရေးနှင့်နိုင်ငံရေးအား ဦးဆောင်နေသော ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၏ဦးဆောင်မှုကို ပိုမိုကောင်းမွန်ကျစ်လစ်ခိုင်မာလာအောင် ပြုပြင်ပြောင်းလဲပေးနိုင်မည် မဟုတ်ပါ။ ထို့အတူ လိုအပ်သောခေါင်းဆောင်သစ်များကိုလည်း မွေးထုတ်ပေးနိုင်မည်မဟုတ်ပါ။ ယခုရွေးကောက်ပွဲသည် နာမည်ပျက်နေသည့် ကေအဲန်ယူခေါင်းဆောင်ဟောင်းအချို့အတွက် အမည်သိက္ခာအဖတ်ဆယ်ရန်နှင့် တရားဝင်နိုင်ငံရေးအခွင့်အာဏာပြန်လည်ရရှိရန် အထောက်အကူပေးသော နိုင်ငံရေးလက်နက်တစ်ခုပင် ဖြစ်သည်။ ဤအခြေအနေအတိုင်းသာဆက်လက်သွားပါက ယနေ့ကြီးမားသောအကြပ်အတည်းနှင့်ရင်ဆိုင်နေရသည့် ကေအဲန်ယူနှင့် ၎င်း၏ကရင့်တော်လှန်ရေးဦးဆောင်မှုတို့သည် ဆက်လက်ယိုယွင်းပျက်စီးနေမည်ဖြစ်ပြီး နောင်တွင် ကိုင်တွယ်ဖြေရှင်း၍မရနိုင်သည့်အခြေအနေအထိ ဖြစ်လာနိုင်ပါသည်။

ဤကဲ့သို့သောအကြောင်းအရင်းကြောင့် ဤအိတ်ဖွင့်ပေးစာတွင် ပါဝင်ထောက်ခံလက်မှတ်ရေးထိုးသော ကမ္ဘာတစ်ဝှမ်းရှိ ကျွန်ုပ်တို့ကရင်လူ့အဖွဲ့အစည်းများသည် ကေအဲန်ယူအထွေထွေအတွင်းရေးမှူးချုပ်မှတစ်ဆင့် ကေအဲန်ယူဗဟိုအမြဲတမ်းကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီတို့အား အောက်ပါအတိုင်း တောင်းဆိုလိုက်ပါသည်။

(၁) ဗဟိုအလုပ်အမှုဆောင်ကော်မတီတစ်ဖွဲ့လုံးသည် ကရင်တစ်မျိုးသားလုံး၏ကံကြမ္မာအတွက် စိတ်သဘောထားကြီးစွာဖြင့် ဒီမိုကရေစီခေါင်းဆောင်တို့၏ ကျင့်ဝတ်တန်ဖိုးများနှင့်အညီ စုပေါင်းတာဝန်ယူမှုတာဝန်ခံမှုရှိသောစိတ်ဓါတ်ကိုထားလျက် မိမိသဘောဆန္ဒဖြင့် နုတ်ထွက်ပေးရန်

(၂) ရှေ့မတိုးသာ နောက်မဆုတ်သာဖြစ်နေသည့် လက်ရှိကေအဲန်ယူ၏နိုင်ငံရေးဦးဆောင်မှုအကြပ်အတည်းအတွက် အဖြေရှာနိုင်ရန်နှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီအသစ်ကို ပြန်လည်ရွေးကောက်နိုင်ခြင်းမရှိခင်ကာလတွင် မည်သည့်လွှမ်းမိုးမှုမှမရှိသော အများလက်ခံနိုင်သည့် အရည်အချင်းရှိခေါင်းဆောင်များဖြင့် ပါဝင်ဖွဲ့စည်းထားမည့် ကြားကာလစီမံခန့်ခွဲရေးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းရန်

(၃) ကေအဲန်ယူ၏အုပ်ချုပ်ရေး၊ လက်နက်ကိုင်တော်လှန်ရေးနှင့် နိုင်ငံရေးလုပ်ငန်းများသည် ကေအဲန်ယူ၏ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လည်ပတ်နိုင်ရန်အတွက် ကြားကာလစီမံခန့်ခွဲရေးအဖွဲ့မှ တိတိကျကျ သတ်မှတ်ထားသည့်

အချိန်ကာလတစ်ခုအတွင်း စီမံခန့်ခွဲပေးရမည်။ ဤအဖွဲ့သည် ကေအဲန်ယူအဖွဲ့အစည်း၏လမ်းစဉ်နှင့်ကိုက်ညီပြီး နိုင်ငံတကာမှသတ်မှတ်ထားသော ဒီမိုကရေစီစနစ်အရရွေးကောက်ပွဲစံချိန်စံနှုန်းများနှင့်ကိုက်ညီသည့် ကွန်ကရက်နှင့် ရွေးကောက်ပွဲတစ်ခုဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက်ရမည်

(၄) အမှန်တရားပေါ်ပေါက်ရန်နှင့် စွပ်စွဲခံနေရသည့်ခေါင်းဆောင်များအတွက် တရားမျှတမှုနှင့် လွတ်လပ်မှုရှိသော စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းရမည်။ ဤအမှုအခင်းသည် နယ်စပ်ဖြတ်ကျော်ပြစ်မှုတစ်ခုဖြစ်သည့်အတွက် ဤအမှုအခင်းကိုပိုမိုနားလည်သည့် နိုင်ငံတကာစုံစမ်းစစ်ဆေးရေးအဖွဲ့က ဦးဆောင်ကာ စုံစမ်းစစ်ဆေးမှုများကိုပြုလုပ်ရမည်။

ပြောရေးဆိုခွင့်ရှိသူများနှင့်ဆက်သွယ်ရန်

၁။ စောသူးကဘီး (Signal number: +48 728 027 952)

၂။ နော်ဆဲဆဲ (Signal number: +66 98 095 3875)

**ပါဝင်ထောက်ခံလက်မှတ်ရေးထိုးသောအဖွဲ့အစည်းများ**

1. Australian Karen Organisation (AKO)
2. Calgary Karen Community Association (CKCA)
3. Connecticut Karen Community Association (INC)
4. Eastern Pennsylvania Karen Community (EPKC)
5. Edmonton Karen Community Youth Organization (EKCYO)
6. International Karen Eagle Claw institute (IKEC)
7. International Karen Organization (IKO)
8. Karen American Association of Wisconsin (KAAW)
9. Karen American Association of Wisconsin, Milwaukee, WI, USA (KAAW)
10. Karen Association of Huron, SD, USA (KAH)
11. Karen Association of Huron, South Dakota (KAH)
12. Karen Community of Akron, OH, USA (KCA)
13. Karen Community of Canada (KCC)
14. Karen Community of Czech Republic (KCCR)
15. Karen Community of Finland (KCF)
16. Karen Community of Hamilton (KCH)
17. Karen Community of Iowa (KCI)
18. Karen Community of Ireland (KCI)
19. Karen Community of Israel (KCI)
20. Karen Community of Kansas City (KS & MO)
21. Karen Community of Kansas City, KS & MO, USA (KCKC)
22. Karen Community of Kitchener & Waterloo (KCKW)
23. Karen Community of Leamington (KCL)

24. Karen Community of Lethbridge (KCL)
25. Karen Community of London (KCL)
26. Karen Community of Marshall (KCM)
27. Karen Community of Minnesota (KCM)
28. Karen Community of Minnesota, MN, USA (KCM)
29. Karen Community of Ottawa (KCO)
30. Karen Community of Regina (KCR)
31. Karen Community of Rock Island (KCRI)
32. Karen Community of Rock Island, IL, USA (KCM)
33. Karen Community of Saskatoon (KCS)
34. Karen Community of Thunderbay (KCT)
35. Karen Community of Toronto (KCT)
36. Karen Community of Windsor (KCW)
37. Karen Community of Winnipeg (KCW)
38. Karen Community Society of British Columbia (KCSBC)
39. Karen Environmental and Social Action Network (KESAN)
40. Karen Future Hope (KFH)
41. Karen Human Rights Group (KHRG)
42. Karen Peace Support Network (KPSN)
43. Karen Rivers Watch (KRW)
44. Karen Student Network Group (KSNG)
45. Karen Teacher Working Group (KTWG)
46. Karen Women Group No.1 Yangon (real name withheld for security reasons)
47. Karen Women Organization (KWO)
48. Karen Youth of Norway (KYN)
49. Karen Youth of Toronto (KYT)
50. Korea Karen Organization (KKO)
51. Korea Karen Youth Organization (KKYO)
52. MinLwin Environmental Conservation Group (MECG)
53. New Zealand Karen Association (NZKA)
54. Oversea Karen Organization Japan (OKOJ)
55. Tanawtheri 1 (real name withheld for security reasons)
56. Tanawtheri 10 (real name withheld for security reasons)
57. Tanawtheri 11 (real name withheld for security reasons)
58. Tanawtheri 12 (real name withheld for security reasons)
59. Tanawtheri 2 (real name withheld for security reasons)
60. Tanawtheri 3 (real name withheld for security reasons)
61. Tanawtheri 4 (real name withheld for security reasons)
62. Tanawtheri 5 (real name withheld for security reasons)
63. Tanawtheri 6 (real name withheld for security reasons)
64. Tanawtheri 7(real name withheld for security reasons)
65. Tanawtheri 8 (real name withheld for security reasons)
66. Tanawtheri 9 (real name withheld for security reasons)
67. Taw Oo 1 (real name withheld for security reasons)
68. Taw Oo Women Group (real name withheld for security reasons)